**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)**

စာအမှတ်၊ SSE/NM/၀၂၄ /၂၀၂၀
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၀ ရက်။

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည် ညွှန်း ချက်။
(၁) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ (၁၆.၉.၂၀၂၀) ရက်စွဲပါ စာအမှတ်၊ ပဆ-(၃)/(Notice-DMA)/ ၂၀၂၀/(၁၆၉)
(၂) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ (၂၀-၁၀-၂၀၂၀) ရက်စွဲပါ စာအမှတ်၊ ပဆ- (၃)/ (Notice-DMA)/ ၂၀၂၀/(၁၈၇)
(၃) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ SSE ဌာနခွဲ၏ ၂၈.၁၀.၂၀၂၀ ရက်စွဲပါ စာအမှတ်၊ SSE/NM/၀၁၆/၂၀၂၀
(၄) Campana Mythic Co., Ltd ၏ ၁၉.၁၁.၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ကပန/ဆညန(သ)၃၉၂/၂၀
(၅) Campana Mythic Co., Ltd ၏ ၂၉.၁၂.၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ကပန/ရက(သ)၄၂၁/၂၀

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှု လုပ်ငန်းလိုင်စင် (အထူး) နှင့် အပြည်ပြည်ဆိုင်ရာ ပင်မ ဝင်ပေါက် ထွက်ပေါက် လုပ်ငန်း လုပ်ကိုင်ခွင့် ရရှိထားသည့် Campana Mythic Co., Ltd သည် မြန်မာ-စင်္ကာပူ အပြည်ပြည် ဆိုင်ရာ ပင်လယ်ရေအောက် ဖိုင်ဘာကေဘယ် သွယ်တန်းခြင်းလုပ်ငန်းကို ရေအောက်ဖိုင်ဘာ ကေဘယ် ချခင်းသည့် သင်္ဘောများဖြင့် ဝင်ရောက်၍ လုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ကြောင်း (၁၉.၁၁.၂၀၂၀) ရက်စွဲပါ စာအမှတ်၊ SSE/NM/၀၁၈/၂၀၂၀ ဖြင့် ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါသည်။

၂။ ယခုအခါ ရည်ညွှန်းချက်(၅)ပါစာ အရ Campana Mythic Co., Ltd မှ လုပ်ငန်း ဆောင်ရွက်မည့် ရေယာဉ်များနှင့် ဧရိယာများမှာ ပြောင်းလဲခြင်းမရှိဘဲ လုပ်ငန်းဆက်လက် ဆောင်ရွက်ခြင်းများအား အောက်ပါအတိုင်း ရက်စွဲတိုးမြှင့် ပြောင်းလဲမည် ဖြစ်ပါသည်-

| စဉ် | ရေယာဉ်အမည်(Call Sign) | ထပ်မံ တိုးမြှင့်ပြောင်းလဲ ပြင်ဆင်၍ လုပ်ငန်း ဆောင်ရွက်မည့် ရက်စွဲ |
|---|---|---|
| (၁) | (က) MV. Majestic Seven (Call Sign: XYGK)<br>(ခ) Asean Protector (Call Sign: 9VYR5)<br>(ဂ) Royal Nadi | (၂၀.၁၁.၂၀၂၀) ရက်နေ့မှ (၃၁.၁.၂၀၂၁) ရက်နေ့ထိ |
| (၂) | (က) RV. Garda (Call Sign: YCYR2)<br>(ခ) C.S NIWA (Call Sign: A6E2964) | (၀၅.၁၂.၂၀၂၀) ရက်နေ့မှ (၁.၄.၂၀၂၁) ရက်နေ့ထိ |

၃။ သို့ဖြစ်ပါ၍ (၂၀-၁၁-၂၀၂၀) ရက်နေ့မှ (၁.၄.၂၀၂၁) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၂ ကီလိုမီတာ ပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်း သင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မရှိစေရန်အတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)